## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၁၉ ခုနှစ်၊ မေလ အတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

နိုင်ငံတော်၏ကုန်ထုတ်စွမ်းအားတိုးတက်စေရေးကိုတစ်ဖက်တစ်လမ်းမှအထောက်အကူပြုရာတွင် စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေး အကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝမှန်မှန်ကန်ကန်ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျှက်ရှိပါသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် ကျား (၃၁၄၅) ဦး၊ မ (၄၀၂၉)ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း(၇၁၇၄) ဦး ချုပ်ဆိုခဲ့ပါသည်။ အလုပ်ရှင်/အလုပ်သမားအငြင်းပွားမှုများကိုညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိ ဆောင်ရွက်ခဲ့ရာ ၂၀၁၉ခုနှစ် မေလ အတွင်း လက်ခံရရှိမှု (၈၁) မှုတွင် ကျေအေးမှု (၂၁) မှု၊ လွှဲပြောင်းမှု (၁) မှု ပိတ်သိမ်းမှု(၈) မှုနှင့် ငွေကြေးအကျိုးခံစားခွင့် (၅၁)မှု တို့ဖြစ်ပြီး ငွေကြေးအကျိုးခံစားခွင့်ရှိသူ ၁၇၄ ဦးအား ငွေကျပ် ၁,၆၆၆,၃၃၂,၆၃၁ နှင့် US$ ၄၂၀ ကိုခံစားခွင့်ရရှိစေခဲ့ပါသည်။ ကျွမ်းကျင်လုပ်သားများရရှိစေရန်လေ့ကျင့်ပေးခြင်းနှင့် ကျွမ်းကျင်မှုအဆင့်အလိုက် ကျွမ်းကျင်လုပ်သားများအားကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်၍ အသိအမှတ်ပြုလက်မှတ်များထုတ်ပေးခြင်းများအနေဖြင့် အောက်ပါအတိုင်း ဖြစ်ပါသည်-

ကျွမ်းကျင်မှုလေကျင့်ရေးသင်တန်းကျောင်းများတွင် ၂၀၁၉ ခုနှစ် မေလ အတွင်းဖွင့်လှစ်ခဲ့သော သင်တန်းများ

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | သင်တန်းသားဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း |
| ၁ | Test Item Data Base Training (Workshop) (ရန်ကင်း) | ၈-၅-၂၀၁၉ မှ ၉-၅-၂၀၁၉ ထိ | ၆ | ၉ | ၁၅ |
| ၂ | အိမ်တွင်း လျှပ်စစ်သွယ်တန်းခြင်း သင်တန်း(ဘားအံ) | ၆-၅-၂၀၁၉ မှ ၂၆-၆-၂၀၁၉ ထိ | ၂၀ | - | ၂၀ |
| ၃ | ပန်းရံသင်တန်း(ဘားအံ) | ၆-၅-၂၀၁၉ မှ ၂၆-၆-၂၀၁၉ ထိ | ၁၄ | - | ၁၄ |
| ၄ | အဆင်မြင့်လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်း(မန္တလေး) | ၂၉-၄-၂၀၁၉ မှ ၃၁-၅-၂၀၁၉ ထိ | ၂၆ | ၄ | ၃၀ |

| ၅ | ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်း(မန္တလေး) | ၂-၅-၂၀၁၉ မှ ၂၉-၅-၂၀၁၉ ထိ | ၂၈၈၇ | ၅၄၅ | ၃၄၃၂ |
|---|---|---|---|---|---|
| ၆ | ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်း(မြောက်ဒဂုံ) | ၂၉-၄-၂၀၁၉ မှ ၂၅-၅-၂၀၁၉ ထိ | ၃၉၉၉ | ၈၀၅ | ၄၈၀၄ |
| စုစုပေါင်း | | | ၆၉၅၂ | ၁၃၆၃ | ၈၃၁၅ |

၂၀၁၉ ခုနှစ် မေလ အတွင်း ကျွမ်းကျင်မှုအဆင့်အလိုက် ကျွမ်းကျင်လုပ်သားများအား ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်၍ အသိအမှတ်ပြုလက်မှတ်များထုတ်ပေးခဲ့သည့် အခြေအနေ

| စဉ် | အလုပ်အကိုင်အမည် | အဆင့် | ဖြေဆိုသူ | | | အောင်မြင်သူ | | |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | Brick Layer | Level-1 | ၁၆ | - | ၁၆ | ၈ | - | ၈ |
| ၂ | Tiler | Level-1 | ၁၅ | - | ၁၅ | ၈ | - | ၈ |
| ၃ | Electrician | Level-1 | ၁၈ | - | ၁၈ | ၁၈ | - | ၁၈ |
| ၄ | Forklift | Level-1 | ၁၁ | - | ၁၁ | ၁၀ | - | ၁၀ |
| ၅ | Room Attendant | Level-1 | ၅ | ၁၅ | ၂၀ | ၅ | ၁၅ | ၂၀ |
| ၆ | MMAW | Level-1 | ၄ | ၁ | ၅ | ၃ | ၁ | ၄ |
| ၇ | GMAW | Level-1 | ၄ | - | ၄ | ၄ | - | ၄ |
| ၈ | FCAW | Level-1 | ၂၁ | - | ၂၁ | ၂၁ | - | ၂၁ |
| ၉ | Hydraulic Excavator | Level-1 | ၂၃ | - | ၂၃ | ၂၁ | - | ၂၁ |
| စုစုပေါင်း | | | ၁၁၇ | ၁၆ | ၁၃၃ | ၉၈ | ၁၆ | ၁၁၄ |

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူအလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခ ကျန်ငွေမရရှိမှုများ၊ ရောဂါတခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင်ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ် သိန်းပေါင်း ၅၄၀၀၀ ကျော်နှင့် US$ ၄၇၁၆.၁၉၀ ကိုခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ/အလုပ်ရုံများတွင် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး အသိပညာရရှိစေရန်အတွက်မြို့နယ်အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ စစ်ဆေးရေး အရာရှိများက စက်ရုံ/အလုပ်ရုံ (၃၁၆) ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်

ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာသိမှတ်ဖွယ်ရာများအား ပညာပေးဟောပြောပို့ချမှု (၂၁၃) ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သောစက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၁၀၀၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၁၁၅၈ ဦး အတွက်ဆေးဖိုးကုန်ကျငွေ ကျပ်သိန်း ၁၃၀၀ ကျော် ပြန်လည်ထုတ်ပေးခဲ့ပါသည်။

အာမခံအလုပ်သမားများအား ၂၀၁၉ ခုနှစ်၊ မေလ အတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများ နှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှု အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ဆေးဝါးကုသပေးမှုအခြေအနေ**

| စဉ် | အကြောင်းအရာ | ဆေးကုသပေးမှုဦးရေ |
|---|---|---|
| က | အလုပ်သမားဆေးရုံကြီး (၃)ရုံ<br>(ပြင်ပလူနာ ၇၈၆၈ ဦး ၊ အတွင်းလူနာ ၅၉၁ ဦး) | ၈၄၅၉ ဦး |
| ခ | လူမှုဖူလုံရေးဆေးခန်း(၉၆)ခန်း၊ ဌာနကြီးဆေးခန်း (၅၆)ခန်းနှင့် လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်း(၄)ခန်း နှင့် PPS စနစ်ဖြင့်စာချုပ်ချုပ်ဆိုထားသည့် ဆေးခန်း (၇)ခန်းတို့မှ ဆေးကုသပေးမှု | ၈၀၃၉၃ ဦး |
| ဂ | အလုပ်သမားဆေးရုံကြီး (၃)ရုံ မှ ဆရာဝန်များကွင်းဆင်းဆေးကုသပေးမှု (၃)ကြိမ် | ၈၂၂ ဦး |
| ဃ | လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များကွင်းဆင်းဆေးကုသမှု (၇၆)ကြိမ် | ၁၅၁၆ ဦး |